# ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# (ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ)

**အမိန့်ကြော်ငြာစာအမှတ် ၁၀၈/၂၀၁၂**

**၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်**

**(၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)**

**[ ပြင်ဆင် : 11.11.2022 ]**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၁ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်း ဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံ ကုန်သည်သင်္ဘောအက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အက်ဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံ ကုန်သည်သင်္ဘောအက်ဥပဒေကိုဆိုသည်။

(ခ) **လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကွန်ဗင်းရှင်း** ဆိုသည်မှာ ၁၉၇၈ ခုနှစ်၊ သင်္ဘောဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်းတို့အတွက် စံနှုန်းသတ်မှတ်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ယင်း၏ပြင်ဆင်ချက်များ (International Convention on Standards of Training, Certification and Watchkeeping for Seafarers, 1978, as amended) ကို ဆိုသည်။

(ဂ) **လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်** ဆိုသည်မှာ သင်္ဘောဝန်ထမ်းများ လေ့ကျင့် သင်တန်းပေးခြင်း၊ လက်မှတ်ထုတ်ပေးခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်းတို့အတွက် စံနှုန်းသတ်မှတ်သည့် ကုဒ်နှင့် ယင်း၏ ပြင်ဆင်ချက်များ (Seafarers' Training, Certification and Watchkeeping Code, as amended) ကို ဆိုသည်။

(ဃ) **ပင်လယ်ပြင်လုပ်သက်** ဆိုသည်မှာ သက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ် သို့မဟုတ် အခြားအရည် အချင်း ပြည့်မီကြောင်း အသိအမှတ်ပြုသည့် လက်မှတ်များ ထုတ်ပေးနိုင်ရန် ပင်လယ်ပြင်သွား သင်္ဘော ပေါ်တွင် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက်ကို ဆိုသည်။

(င) **သဘောတူစာချုပ်** (Article of Agreement) ဆိုသည်မှာ သင်္ဘောပိုင်ရှင် သို့မဟုတ် ယင်းက တာဝန်လွှဲအပ်ထားသူနှင့် သင်္ဘောသားတို့အကြား ချုပ်ဆိုသည့် သင်္ဘောသားများလိုက်နာရန် သတ်မှတ် ထားသော စည်းကမ်းချက်များ ပါရှိသည့် သဘောတူ စာချုပ်ကို ဆိုသည်။

(စ) **စာစစ်မှူး** ဆိုသည်မှာ ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲများကို စစ်ဆေးရန် တာဝန်ပေးအပ်ခြင်း ခံရသော အရာရှိကို ဆိုသည်။

(ဆ) **စာစစ်မှူးချုပ်** ဆိုသည်မှာ ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲများကို စစ်ဆေးမည့် စာစစ်မှူးများ၏ တာဝန်ခံအဖြစ် တာဝန်ပေးအပ်ခြင်း ခံရသော အရာရှိကို ဆိုသည်။

(ဇ) **အကဲဖြတ်ဌာန** ဆိုသည်မှာ ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ ဖြေဆိုသူများ၏အရည်အချင်းကို အကဲဖြတ်ခြင်းနှင့် အကဲဖြတ်ထားသည့် မှတ်တမ်းများကို ထိန်းသိမ်းရန် တာဝန်ရှိသည့် ဌာနကို ဆိုသည်။

(ဈ) **ရေဒီယိုဆက်သွယ်ရေးအရာရှိ** ဆိုသည်မှာ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ ရေဒီယို စည်းမျဉ်းများပါ ပြဋ္ဌာန်းချက်များအရ ဦးစီးဌာနက ထုတ်ပေးထားသော သို့မဟုတ် အသိအမှတ်ပြုထား သော လက်မှတ် ကိုင်ဆောင်ထားသူကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြား မှု ဦးစီးဌာနကိုဆိုသည်။

(ဋ) **ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဌာန** ဆိုသည်မှာ ဦးစီးဌာနက အသိအမှတ်ပြုထားသည့် ရေကြောင်းပညာရပ်နှင့်စပ်လျဉ်း၍ လေ့ကျင့်သင်ကြားပေးသောပြည်တွင်းပြည်ပရှိ ကျောင်း၊ ကောလိပ် နှင့် သင်တန်းဌာနတို့ကို ဆိုသည်။

(ဌ) **ရေကြောင်းပညာတက္ကသိုလ်** ဆိုသည်မှာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေအရ တည်ထောင်ဖွင့်လှစ်ထားသည့် တက္ကသိုလ်နှင့် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် နှစ်နိုင်ငံချင်း သဘောတူလက်မှတ် ရေးထိုး ထားသည့် နိုင်ငံ၌ တည်ထောင် ဖွင့်လှစ်ထားသော ရေကြောင်းပညာတက္ကသိုလ်တို့ကို ဆိုသည်။

(ဍ) ကုန်းပတ်အရာရှိ အဆင့် (၁) ကျွမ်းကျင်မှုလက်မှတ် ဆိုသည်မှာ တန်ချိန် ၃၀၀၀ နှင့်အထက် ပင်လယ်ပြင်သွား သင်္ဘောများတွင် ရေယာဉ်မှူး(Master)အဖြစ်တာဝန်ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်၏စည်းမျဉ်း ၂/၂ (STCW Convention, Regulation II/ 2)နှင့် အညီ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကိုဆိုသည်။

(ဎ) **ကုန်းပတ်အရာရှိ အဆင့် (၂) ကျွမ်းကျင်မှုလက်မှတ်** ဆိုသည်မှာ တန်ချိန် ၃၀၀၀ နှင့်အထက် ပင်လယ်ပြင်သွားသင်္ဘောများတွင် ပထမရေကြောင်းအရာရှိ (Chief Mate) အဖြစ် တာဝန်ထမ်းဆောင် နိုင်သည့်

လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၂/၂ (STCW Convention, Regulation II/2) နှင့်အညီ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကို ဆိုသည်။

(ဏ) **ကုန်းပတ်အရာရှိ အဆင့် (၃) ကျွမ်းကျင်မှုလက်မှတ်** ဆိုသည်မှာတန်ချိန် ၅၀၀နှင့်အထက်ပင်လယ် ပြင်သွား သင်္ဘောများတွင် တက်မစင်(Bridge) တာဝန်ခံအရာရှိ(Officer in charge of a navigational watch = OOW)အဖြစ် အလှည့်ကျ စောင့်ကြပ်စစ်ဆေးရေးတာဝန် ထမ်းဆောင် နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၂/၁ (STCW Convention, Regulation II/1)နှင့်အညီ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကို ဆိုသည်။

(တ) **ကုန်းပတ်အရာရှိ အဆင့် (၄) ကျွမ်းကျင်မှုလက်မှတ်** ဆိုသည်မှာ တန်ချိန် ၅၀၀ မှ ၃၀၀၀ အကြားရှိ ကမ်းရိုးတန်းအနီး ရေကြောင်းသွား သင်္ဘောများတွင် ရေယာဉ်မှူး (Master) အဖြစ် တာဝန် ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၂/၂ (STCW Convention, Regulation II/2) နှင့်အညီ ထုတ်ပေးထားသော ကျွမ်းကျင်မှု လက်မှတ်ကို ဆိုသည်။

(ထ) **ကုန်းပတ်အရာရှိ အဆင့် (၅) ကျွမ်းကျင်မှုလက်မှတ်** ဆိုသည်မှာ တန်ချိန် ၅၀၀ မှ ၃၀၀၀ အကြားရှိ ကမ်းရိုးတန်းအနီး ရေကြောင်းသွား သင်္ဘောများတွင် ပထမရေကြောင်းအရာရှိ (Chief Mate) အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၂/၂ (STCW Convention, Regulation II/2) နှင့်အညီ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကို ဆိုသည်။

(ဒ) **ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၁) ကျွမ်းကျင်မှုလက်မှတ်** ဆိုသည်မှာ ပင်မစက် မောင်းနှင်မှုစွမ်းအား ကီလိုဝပ် ၃၀၀၀ နှင့် အထက်ရှိ ပင်လယ်ပြင်သွားသင်္ဘောများတွင် အင်ဂျင် နီယာမှူး (Chief Engineer) အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏စည်းမျဉ်း ၃/၂ (STCW Convention, Regulation III/2) နှင့်အညီ ထုတ်ပေးထား သော ကျွမ်းကျင်မှု လက်မှတ်ကို ဆိုသည်။

(ဓ) **ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၂) ကျွမ်းကျင်မှုလက်မှတ်** ဆိုသည်မှာပင်မစက် မောင်းနှင် မှုစွမ်းအား ကီလိုဝပ် ၃၀၀၀ နှင့် အထက်ရှိ ပင်လယ်ပြင်သွားသင်္ဘောများတွင် ဒုတိယရေကြောင်း အင်ဂျင်နီယာ အရာရှိ (Second Engineer) အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၃/၂ (STCW Convention, Regulation III/2) နှင့်အညီ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကို ဆိုသည်။

(န) **ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၃) ကျွမ်းကျင်မှုလက်မှတ်** ဆိုသည်မှာ ပင်မစက်မောင်းနှင် မှုစွမ်းအား ကီလိုဝပ် ၇၅၀ နှင့် အထက်ရှိ ပင်လယ်ပြင်သွား သင်္ဘောများတွင် စက်ခန်းတာဝန်ခံအရာရှိ (Officer in charge an engineering watch = OEW) အဖြစ် အလှည့်ကျစောင့်ကြပ် စစ်ဆေးရေး တာဝန်ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၃/၁ (STCW Convention, Regulation III/ 1) နှင့်အညီ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကို ဆိုသည်။

(ပ) **ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့်(၄)ကျွမ်းကျင်မှုလက်မှတ်** ဆိုသည်မှာ ပင်မစက်မောင်းနှင်မှု စွမ်းအား ကီလိုဝပ် ၇၅၀ မှ ၃၀၀၀ အကြား ပင်လယ်ပြင်သွား သင်္ဘောများတွင် အင်ဂျင်နီယာမှူး (Chief Engineer) အဖြစ်တာဝန်ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏စည်းမျဉ်း ၃/၃ (STCW Convention, Regulation III/3)နှင့်အညီ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ် ကိုဆိုသည်။

(ဖ) **ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့် (၅) ကျွမ်းကျင်မှုလက်မှတ်** ဆိုသည်မှာပင်မစက်မောင်းနှင် မှုစွမ်းအား ကီလိုဝပ် ၇၅၀ မှ ၃၀၀၀ အကြား ပင်လယ်ပြင်သွား သင်္ဘောများတွင် ဒုတိယရေကြောင်း အင်ဂျင်နီယာအရာရှိ (Second Engineer) အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၃/၃ (STCW Convention, Regulation III/3) နှင့်အညီ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကို ဆိုသည်။

(ဗ) **လျှပ်စစ်နည်းပညာအရာရှိ ကျွမ်းကျင်မှု လက်မှတ်** ဆိုသည်မှာ ပင်မစက်မောင်းနှင်မှုစွမ်းအား ကီလိုဝပ် ၇၅၀ နှင့်အထက်ရှိ ပင်လယ်ပြင်သွား သင်္ဘောများတွင် လျှပ်စစ်နည်းပညာ အရာရှိ(Electro-technical officer =ETO)အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၃/၆ (STCW Convention, Regulation III/6) နှင့်အညီ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်ကို ဆိုသည်။

(ဘ) **ကုန်းပတ်ကျွမ်းကျင် သင်္ဘောသား တတ်ကျွမ်းမှုလက်မှတ်** ဆိုသည်မှာတန်ချိန် ၅၀၀ နှင့်အထက်ရှိ ပင်လယ်ပြင်သွား သင်္ဘောများတွင် ကုန်းပတ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူ သင်္ဘောသား(Able seafarer deck = AB-Deck) အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့်လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏စည်းမျဉ်း၂/၅ (STCW Convention, Regulation II/5) နှင့်အညီ ထုတ်ပေးထားသော တတ်ကျွမ်းမှုလက်မှတ်ကို ဆိုသည်။

(မ) **တက်မစင် အကူ သင်္ဘောသား တတ်ကျွမ်းမှုလက်မှတ်** ဆိုသည်မှာ တန်ချိန် ၅၀၀ နှင့်အထက်ရှိ ပင်လယ်ပြင်သွားသင်္ဘောများတွင် တက်မစင်အကူသင်္ဘောသား (Rating forming part of a navigational watch = Rating Forming-Deck) အဖြစ် အလုပ်ချိန်ကျ စောင့်ကြပ်စစ်ဆေးရေးတာဝန် ကို ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၂/၄ (STCW Convention, Regulation II/4) နှင့်အညီ ထုတ်ပေးထားသော တတ်ကျွမ်းမှုလက်မှတ်ကို ဆိုသည်။

(ယ) **စက်ခန်းကျွမ်းကျင် သင်္ဘောသား တတ်ကျွမ်းမှုလက်မှတ်** ဆိုသည်မှာ ပင်မစက်မောင်းနှင်မှု စွမ်းအား ကီလိုဝပ် ၇၅၀ နှင့်အထက်ရှိ ပင်လယ်ပြင်သွား သင်္ဘောများတွင် စက်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူ သင်္ဘောသား (Able seafarer engine=AB Engine) အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏စည်းမျဉ်း ၃/၅ (STCW Convention, Regulation III/5) နှင့်အညီ ထုတ်ပေးထားသော တတ်ကျွမ်းမှုလက်မှတ်ကို ဆိုသည်။

(ရ) **စက်ခန်းအကူ သင်္ဘောသား တတ်ကျွမ်းမှုလက်မှတ်** ဆိုသည်မှာ ပင်မစက်မောင်းနှင်မှုစွမ်းအား ကီလိုဝပ် ၇၅၀ အထက်ရှိ ပင်လယ်ပြင်သွားသင်္ဘောများတွင် စက်ခန်းအကူ သင်္ဘောသား (Rating forming part of an engineering

watch=Rating Forming-Engine) အဖြစ် အလှည့်ကျ စောင့်ကြပ်စစ်ဆေးရေးတာဝန် ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၃/၄ (STCW Convention, Regulation III/4) နှင့်အညီ ထုတ်ပေးထားသော တတ်ကျွမ်းမှုလက်မှတ်ကို ဆိုသည်။

(လ) **လျှပ်စစ်နည်းပညာ သင်္ဘောသား တတ်ကျွမ်းမှုလက်မှတ်** ဆိုသည်မှာ ပင်မစက်မောင်းနှင်မှု စွမ်းအားကီလိုဝပ် ၇၅၀ အထက်ရှိ ပင်လယ်ပြင်သွားသင်္ဘောများတွင် လျှပ်စစ်နည်းပညာ သင်္ဘောသား ( Electro-technical rating = ETR) အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၃/၇ (STCW Convention, Regulation III/7) နှင့်အညီ ထုတ်ပေးထားသော တတ်ကျွမ်းမှု လက်မှတ်ကိုဆိုသည်။

(ဝ) **ကျွမ်းကျင်မှုလက်မှတ်** (Certificate of Competency) ဆိုသည်မှာ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ အခန်း (၂)၊ (၃)၊ (၄) သို့မဟုတ် (၇) တို့၏နောက်ဆက်တွဲပါ ပြဋ္ဌာန်းချက် များအရ ရေယာဉ်မှူး၊ အရာရှိနှင့် ရေဒီယိုဆက်သွယ်ရေး အရာရှိများအတွက် ထုတ်ပေးထားသော သို့မဟုတ် ထပ်ဆင့် ထောက်ခံထားသော လက်မှတ်ဖြစ်ပြီး အဆိုပါ တရားဝင်လက်မှတ် ကိုင်ဆောင်ထား သူသည် သက်ဆိုင်ရာစွမ်းဆောင်ရည်တွင် တာဝန်ထမ်းဆောင်ခွင့်နှင့် သက်ဆိုင်ရာ အဆင့်၏သတ်မှတ် ထားသည့်တာဝန်ရှိမှုများနှင့် စပ်လျဉ်း၍ လုပ်ငန်းများ (Functions) ကို ဆောင်ရွက်ခွင့်ရှိသည့် လက်မှတ်ကို ဆိုသည်။

(သ) **တတ်ကျွမ်းမှုလက်မှတ်** (Certificate of Proficiency) ဆိုသည်မှာ ကျွမ်းကျင်မှုလက်မှတ်မှအပ ရေယာဉ်မှူး၊ အရာရှိနှင့် သင်္ဘောသားများအတွက် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော အရည်အချင်းနှင့် ပင်လယ်ပြင်လုပ်သက်အရ ထုတ်ပေးထားသည့် သို့မဟုတ် ထပ်ဆင့် ထောက်ခံထားသည့်လက်မှတ်ကို ဆိုသည်။

<ပြင်ဆင် 11.11.2022>

## အခန်း (၂)
## လေ့ကျင့်သင်တန်းပေးခြင်းနှင့် အကဲဖြတ်ခြင်း

### ကြီးကြပ်ခြင်း

၃။ ဦးစီးဌာနသည်-

(က) လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းအရ လိုအပ်သည့် သင်္ဘောသားများ၏ ကျွမ်းကျင်မှု လက်မှတ်အတွက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် အကဲဖြတ်ခြင်းအပေါ် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ် ပုဒ်မ က-၁/၆ (STCW Code, Section A-I/6) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် အခါအားလျော်စွာစောင့်ကြပ်စစ်ဆေးခြင်းတို့ကို ပြုလုပ်ရမည်။

(ခ) သင်္ဘောသားများ အရည်အချင်း ပြည့်မီစေရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် အကဲဖြတ် ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည့် ပုဂ္ဂိုလ်များအား လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ် ပုဒ်မ က-၁/၆ (STCW Code,

Section A-I/6) တွင် ပြဋ္ဌာန်းထားသည့် လေ့ကျင့်သင်ကြားပေးခြင်း၊ အကဲဖြတ်ခြင်း အမျိုးအစား အဆင့်သတ်မှတ်ချက်များနှင့် အကျုံးဝင်သော အရည်အချင်းများနှင့် ပြည့်စုံစေရန် စိစစ် ကြီးကြပ်ပေးရမည်။

(ဂ) စာမေးပွဲဖြေဆိုသူအား လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းကျွမ်းကျင်မှုစံနှုန်းနှင့်အညီ ကိုက်ညီရန်အတွက် စစ်ဆေးအကဲဖြတ်ရမည်။ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်တွင် ပြဋ္ဌာန်းထားသော ဘာသာရပ်ဆိုင်ရာ ဗဟုသုတ၊ နားလည်တတ်မြောက်မှု၊ ကျွမ်းကျင်မှု၊ စစ်ဆေးမှုများနှင့်အညီ လုပ်ငန်းတာဝန်များနှင့် တာဝန်ရှိမှု အဆင့်ဆင့်တို့အတွက် အဆင့်အလိုက် စစ်ဆေးရမည်။

<ပြင်ဆင် 11.11.2022>

**အရည်အသွေး စံသတ်မှတ်ခြင်း**

၄။ ဦးစီးဌာနသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ် ပုဒ်မ က- ၁/၈ (STCW Code Section A - I/8) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ လေ့ကျင့်သင်ကြားပေးခြင်း၊ အကဲဖြတ်ခြင်း၊ ကျွမ်းကျင်မှု လက်မှတ် ထုတ်ပေးခြင်း၊ တတ်ကျွမ်းမှုလက်မှတ် ထုတ်ပေးခြင်း၊ ဆေးလက်မှတ်များထုတ်ပေးခြင်း၊ ထပ်ဆင့် ထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်းနှင့် အဆိုပါလက်မှတ်များ သက်တမ်းတိုးခြင်းတို့အတွက် အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အသိအမှတ်ပြုထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လေ့ကျင့်ရေး သင်တန်းများကို လည်းကောင်း၊ သင်တန်းပို့ချသူများ၏ အရည်အချင်းများနှင့် အတွေ့ အကြုံများကိုလည်းကောင်း သတ်မှတ်ထားသည့် ရည်ရွယ်ချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အရည်အသွေးနှင့် စံချိန်စံညွှန်းများကို အကဲဖြတ်၍ စဉ်ဆက်မပြတ် ကြီးကြပ်စစ်ဆေးရမည်။

<ပြင်ဆင် 11.11.2022>

## အခန်း (၃)

## ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲများ စစ်ဆေးခြင်းဆိုင်ရာ ကိစ္စများ

**စာမေးပွဲများ**

၅။ ဦးစီးဌာနသည် ရေယာဉ်မှူးနှင့် အရာရှိများ၏ ကျွမ်းကျင်မှုဆိုင်ရာ အောက်ပါ စာမေးပွဲများကို စာမေးပွဲကျင်းပမည့် နေ့ရက်၊ အချိန်နှင့်နေရာတို့ကို သတ်မှတ်ပြီး ထုတ်ပြန်ကြေညာ၍ ဤနည်းဥပဒေ များနှင့်အညီ ကျင်းပပြုလုပ်ပေးရမည်-

(က) **ကုန်းပတ်ဌာန**

(၁) ကုန်းပတ်အရာရှိအဆင့်(၁) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ၊

(၂) ကုန်းပတ်အရာရှိအဆင့်(၂) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ၊

(၃) ကုန်းပတ်အရာရှိအဆင့်(၃) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ၊

(၄) ကုန်းပတ်အရာရှိအဆင့်(၄) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ၊

(၅) ကုန်းပတ်အရာရှိအဆင့်(၅) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ၊

(၆) ရေဒီယိုဆက်သွယ်ရေးအရာရှိ ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ။

(ခ) **ရေကြောင်းအင်ဂျင်နီယာဌာန**

(၁) ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့်(၁) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ၊

(၂) ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့်(၂) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ၊

(၃) ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့်(၃) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ၊

(၄) ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့်(၄) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ၊

(၅) ရေကြောင်းအင်ဂျင်နီယာအရာရှိ အဆင့်(၅) ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ၊

(၆) လျှပ်စစ်နည်းပညာ အရာရှိ ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ။

**ကျွမ်းကျင်မှုလက်မှတ်စာမေးပွဲ ဖြေဆိုခွင့်ပြုရန် လျှောက်ထားခြင်း**

၆။ ရေယာဉ်မှူးနှင့်အရာရှိများ၏ ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲဖြေဆိုခွင့် လျှောက်ထားသူသည်-

(က) မြန်မာနိုင်ငံသား ဖြစ်ရမည်။ နိုင်ငံခြားသား ဖြစ်ပါကလိုအပ်သော အထောက်အထားများကို တင်ပြ ၍ ဦးစီးဌာန၏ ခွင့်ပြုချက်ကို ရယူပြီး ဖြစ်ရမည်။

(ခ) သက်ဆိုင်ရာစာစစ်မှူးချုပ်က ဤနည်းဥပဒေများပါ စာမေးပွဲစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က အသိအမှတ်ပြု ထားသောနိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ အလားတူစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့သူ တစ်ဦးဦး ဖြစ်ရမည်။

၇။ စာမေးပွဲဖြေဆိုရန်လျှောက်ထားရာတွင်-

(က) သတ်မှတ်ထားသည့် လျှောက်လွှာ၌ အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြ၍လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ စာမေးပွဲမကျင်းပမီ အနည်းဆုံး ၁၀ ရက် ကြိုတင်၍ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) တင်ပြသည့် စာရွက်စာတမ်းအထောက်အထားများကို ဦးစီးဌာနက မှန်ကန်ကြောင်းအတည်ပြုပြီး မှသာ စာမေးပွဲဖြေဆိုခွင့်ရှိသည်။ အကယ်၍ လုပ်သက်တစ်စုံတစ်ရာ ပြတ်တောက်မှု ရှိလျှင် ဦးစီးဌာနက လက်ခံနိုင်သည်အထိ ဖြေရှင်းတင်ပြနိုင်မှသာလျှင် စာမေးပွဲဖြေဆိုခွင့်ရှိသည်။

(ဂ) မိမိ တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှု မရှိဟူသော အကြောင်းကြောင့် စာမေးပွဲဖြေဆိုခွင့် ငြင်းပယ်ခံရသည်ဟု သံသယရှိသည့်အခါ အထူးကိစ္စ ရပ်အဖြစ် စဉ်းစားပေးရန် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် အတူ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ဃ) အခြား လိုအပ်သောအချက်အလက်များအပြင် ပင်လယ်ပြင်လုပ်သက်နှင့် စပ်လျဉ်း၍ တာဝန်ထမ်း ဆောင်ခဲ့သော သင်္ဘောအမျိုးအစား၊ လုံးပေါင်းတန်ချိန် (Gross Tonnage) ပင်မစက်အမျိုးအစား၊ မောင်းနှင်နိုင်မှုစွမ်းအားနှင့် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလတို့ကို သတ်မှတ်ထားသည့် လျှောက်လွှာ တွင် တိကျစွာဖော်ပြ၍ လျှောက်ထားရမည်။

(င) သက်ဆိုင်ရာသင်္ဘောများတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်း ထောက်ခံချက်များကို တင်ပြရမည်။ ယင်းထောက်ခံချက်တွင် အထူးကိစ္စမှအပ သက်ဆိုင်ရာရေယာဉ်မှူး သို့မဟုတ် အင်ဂျင်နီယာမှူးက လက်မှတ်ရေးထိုးရမည်။

<ပြင်ဆင် 11.11.2022>

၈။ စာမေးပွဲဖြေဆိုမည့်သူသည် စာမေးပွဲဆိုင်ရာကိစ္စရပ်များနှင့် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်စပ်လျဉ်း၍ သိရှိလိုလျှင် ဦးစီးဌာနသို့ သိရှိလိုသော အချက်အလက်များကို တိကျရှင်းလင်းစွာ ဖော်ပြ ၍ စုံစမ်းမေးမြန်းနိုင်သည်။

လိမ်လည်ဖော်ပြခြင်းနှင့်အလွဲဖော်ပြခြင်း

၉။ စာမေးပွဲဖြေဆိုမည့်သူသည် နည်းဥပဒေ ၇ ပါ အချက်အလက်များနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အလုပ်သင့်ကျ စောင့်ကြပ်စစ်ဆေးရေး တာဝန်ထမ်းဆောင်မှုလုပ်သက်ကို ဖြစ်စေ အမှန်တကယ်လုပ်သက်ထက်ပို၍ လိမ်လည်ဖော်ပြခြင်း၊ အလွဲဖော်ပြခြင်း ပြုခဲ့လျှင် စာမေးပွဲဖြေဆိုခွင့်ကို ပိတ်ပင်ခြင်း ခံရမည်။

**တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် ပေးရန် အားထုတ်ခြင်းအတွက် စီမံခန့်ခွဲရေး ပြစ်ဒဏ်ပေးခြင်း**

၁၀။ စာမေးပွဲဖြေဆိုမည့်သူသည် စာမေးပွဲစစ်ဆေးခြင်းနှင့် သက်ဆိုင်သော အရာထမ်း သို့မဟုတ် အမှု ထမ်းတစ်ဦးဦးအား တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် ပေးရန်အားထုတ်ခြင်းပြုကြောင်း ခိုင်လုံသော အထောက်အထား တွေ့ရှိပါက လက်ရှိဖြေဆိုမည့် စာမေးပွဲဖြေဆိုခွင့်ကို ပိတ်ပင်ခြင်းခံရမည့်ပြင် နောက်ထပ်စာမေးပွဲဖြေဆိုခွင့်ကိုလည်း ၁၂ လအထိ ပိတ်ခြင်းခံရမည်။

**စာမေးပွဲခန်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ**

၁၁။ (က) စာမေးပွဲဖြေဆိုသူသည်စာမေးပွဲခန်းမသို့ သတ်မှတ်ထားသည့်အချိန်အတိုင်း တိတိကျကျလာ ရောက်ရမည်။

(ခ) စာမေးပွဲကျင်းပနေစဉ် စာမေးပွဲခန်းမအတွင်းသို့ တာဝန်ရှိသူများမှအပ မည်သူ့ကိုမျှဝင်ရောက် ခွင့်မပြုရ။

(ဂ) စာမေးပွဲစတင်မကျင်းပမီ စာမေးပွဲခန်းမအတွင်းရှိ စားပွဲများနှင့် ခုံတန်းများပေါ်ရှိ စာမေးပွဲအတွက် ခွင့်ပြုထားသည့် စာရွက်စာတမ်းများမှအပ အခြားစာရွက် စာတမ်းအပိုင်းအစများ နှင့်စာအုပ်များ မရှိစေဘဲဖယ်ရှားထားရမည်။ လိုအပ်ပါက စာစစ်မှူးသည် လိုက်နာရမည့် အခြားစည်းကမ်းချက်များကို ထပ်မံထုတ်ပြန် ကြေငြာနိုင်သည်။

(ဃ) စာမေးပွဲဖြေဆိုမည့်သူသည် စာမေးပွဲ မကျင်းပမီ စာစစ်မှူးက အတည်ပြု ခွင့်ပြုထားသော ကိုယ်ပိုင်ပစ္စည်းနှင့် ပုံဆွဲကိရိယာပစ္စည်းများကိုသာ စာမေးပွဲတွင် အသုံးပြုခွင့်ရှိသည်။

**စာမေးပွဲဖြေဆိုရာတွင်ကူးချခြင်းအပါအဝင် မသမာမှုပြုခြင်းများအတွက် စီမံခန့်ခွဲရေးပြစ်ဒဏ်ပေးခြင်း**

၁၂။ စာမေးပွဲဖြေဆိုသူသည် စာမေးပွဲဖြေဆိုစဉ်အတွင်း တစ်ဦးနှင့်တစ်ဦး အကူအညီပေးခြင်း၊ အဖြေများ ကို အခြားသူထံမှ ရယူခြင်း၊ အခြားသူအားပေးခြင်း၊ တစ်နည်းနည်းဖြင့် ဆက်သွယ်အကူအညီပေးခြင်း၊ စာမေးပွဲမေးခွန်း၏အဖြေကို ကူး၍ စာမေးပွဲခန်းမပြင်ပသို့ ယူဆောင်ခြင်း သို့မဟုတ် ခွင့်ပြုထားခြင်း မရှိသောပစ္စည်းကိရိယာ တစ်ခုခုကို အသုံးပြုခြင်းတို့ကို ပြုလုပ်လျှင် ထိုသူအားစာမေးပွဲကျရှုံးသည်ဟု သတ်မှတ်ရမည့်အပြင် ၁၂ လ မပြည့်မီ နောက်ထပ် စာမေးပွဲကို ဖြေဆိုခွင့် မပြုရ။

နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ ဖောက်ဖျက်ခြင်းအတွက် စီမံခန့်ခွဲရေးပြစ်ဒဏ်ပေးခြင်း

၁၃။ စာမေးပွဲဖြေဆိုသူတစ်ဦးဦးသည် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ဖြစ်စေ၊ စာမေးပွဲစစ်ဆေးရာတွင် တာဝန်ရှိသူများအား စော်ကားမှုပြုလုပ်လျှင်ဖြစ်စေ၊ စာမေးပွဲခန်းမတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် ဆန့်ကျင်ခြင်း သို့မဟုတ် မလျော်သြဇာ ပြုမှုခြင်းကို ကျူးလွန်လျှင်ဖြစ်စေ ထိုသူအား စာစစ်မှူးက

စာမေးပွဲကို ဆက်လက်ဖြေဆိုခွင့်မပြုဘဲ ထုတ်ပစ်ခြင်း သို့မဟုတ် ထိုသူသည် စာမေးပွဲ အောင်မြင်ခဲ့ပါက ဦးစီးဌာနသည် အောင်လက်မှတ်ကို ထုတ်ပေးခြင်း မပြု ဘဲ အချိန်ကာလသတ်မှတ်၍ ရွှေ့ဆိုင်းခြင်း ပြုနိုင်သည်။

**ကျေနပ်ဖွယ်မရှိသော ပြုမူမှု**

၁၄။ (က) စာမေးပွဲဖြေဆိုရန် လျှောက်ထားသူသည် သဘောတူစာချုပ်ချုပ်ဆိုပြီးနောက် သင်္ဘောတွင် တာဝန်ထမ်းဆောင်စဉ် သဘောတူစာချုပ်ပါ အချက်များ ချိုးဖောက်ခြင်း၊ ကြီးလေးသည့် အကျင့်သိက္ခာပျက်ပြားခြင်း စသည်တို့ကို ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခြင်း ခံရသူဖြစ်ပါက ထိုသို့ကျူးလွန် ခဲ့ပြီးနောက် ပင်လယ်ပြင် လုပ်သက်နှစ်နှစ် စဉ်ဆက်မပြတ် ကောင်းမွန်စွာတာဝန် ထမ်းဆောင်ကြောင်း ခိုင်လုံသည့် အထောက်အထား တင်ပြရမည်။

(ခ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်အပေါ် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် ကျေနပ်ဖွယ်ရာ တွေ့ရှိပါက အဆိုပါ ပင်လယ်ပြင်လုပ်သက် နှစ်နှစ်ကာလကို လျှော့ပေါ့နိုင်သည်။

<ပြင်ဆင် 11.11.2022>

နားလေးခြင်း၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းခြင်း

၁၅။ (က) စာမေးပွဲဖြေဆိုသူသည် နားလေးခြင်း၊ စကားပြောရာတွင် ချို့ယွင်းခြင်း၊ ကိုယ်ခန္ဓာ ချို့ယွင်းခြင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းခြင်းကို စာမေးပွဲစစ်ဆေးနေစဉ်အတွင်း စာစစ်မှူးက တွေ့ရှိရသည့်အခါ ကျွမ်းကျင်မှု လက်မှတ်ကို ကိုင်ဆောင်ထားသည့်တိုင် သာမန်ပင်လယ်ရေကြောင်း သွားလာမှုဆိုင်ရာ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်မဟုတ်ဟု ယူဆလျှင် ထိုသူအား စာမေးပွဲဖြေဆိုခြင်းမှ ရပ်ဆိုင်းပြီး စာစစ်မှူးချုပ်ထံ အစီရင်ခံရမည်။

(ခ) စာစစ်မှူးချုပ်သည် စာမေးပွဲဖြေဆိုသူက နည်းဥပဒေခွဲ (က) တွင် ဖော်ပြထားသည့် နားလေးခြင်း၊ စကားပြောရာတွင် ချို့ယွင်းခြင်း၊ ကိုယ်ခန္ဓာချို့ယွင်းခြင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့ယွင်းခြင်း နှင့် စပ်လျဉ်း၍ တာဝန်ထမ်းဆောင်ရန် သင့်လျော်ကြောင်းဦးစီးဌာနက သတ်မှတ်ထားသည့် ဆေးလက်မှတ် အထောက်အထားကို တင်ပြနိုင်မှသာလျှင် ထိုသူအားစာမေးပွဲဖြေဆိုခြင်းကို ပြန်လည်ခွင့်ပြုနိုင်သည်။

**အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု**

၁၆။ စာမေးပွဲဖြေဆိုသူသည် သင်္ဘော၌ တာဝန်ထမ်းဆောင်နိုင်ရန် အင်္ဂလိပ်ဘာသာဖြင့် စာရေးရာတွင် လည်းကောင်း၊ စကားပြောဆိုရာတွင်လည်းကောင်း သတ်မှတ်ထားသည့် ကျွမ်းကျင်မှုအဆင့် ရှိရမည်။ အကယ်၍ကျွမ်းကျင်မှု မရှိကြောင်းစာစစ်မှူးက တွေ့ရှိပါက သတ်မှတ်ထားသည့် သင်တန်းသို့ တက်ရောက်စေပြီး အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု လက်မှတ်ကို တင်ပြစေနိုင်သည်။

**ဖြေဆိုအောင်မြင်ရမည့် အချိန်ကာလ သတ်မှတ်ချက်**

<ပြင်ဆင် 11.11.2022>

၁၇။ ဦးစီးဌာနသည် ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲအတွက် ဖြေဆိုအောင်မြင်ရမည့်အချိန်ကာလ သတ်မှတ်နိုင်သည်။

<ပြင်ဆင် 11.11.2022>

စာမေးပွဲများအောင်လက်မှတ်နှင့် ကျရှုံးလက်မှတ်များ ထုတ်ပေးခြင်း

၁၈။ (က) ဦးစီးဌာနသည် စာမေးပွဲဖြေဆိုသူများအား သတ်မှတ်ထားသည့် စာမေးပွဲတစ်ခုလုံးအတွက် ဖြစ်စေ၊ အပိုင်းလိုက်အတွက်ဖြစ်စေ စာမေးပွဲအောင်လက်မှတ်များ သို့မဟုတ် ကျရှုံးလက်မှတ်များကို ထုတ်ပေးရမည်။

(ခ) စာမေးပွဲ အောင်လက်မှတ် သို့မဟုတ် ကျရှုံးလက်မှတ်ရရှိသူသည် နောက်တစ်ကြိမ် စာမေးပွဲဖြေဆို ရန် လျှောက်လွှာတင်သည့်အခါ ယင်းလက်မှတ်ကို ဦးစီးဌာနသို့ တင်ပြရမည်။

၁၉။ ဦးစီးဌာနသည် စာမေးပွဲဖြေဆိုသူက စာမေးပွဲတစ်ခုလုံး အောင်မြင်သော်လည်း သတ်မှတ်ထားသည့် ပင်လယ်ပြင်လုပ်သက် လိုအပ်ချက် ပြည့်မီမှုမရှိကြောင်း ထပ်မံစစ်ဆေးတွေ့ရှိလျှင် ၎င်းအား ကျွမ်းကျင်မှု လက်မှတ် ထုတ်ပေးခြင်းကို ငြင်းပယ်ခြင်း၊ ထုတ်ပေးထားပြီးသော ကျွမ်းကျင်မှုလက်မှတ်အား သိမ်းယူ ခြင်းများကို ဆောင်ရွက်နိုင်သည်။

## အခန်း(၄)

## အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ဆောင်ရွက်ရမည့် ကိစ္စများ

**စာမေးပွဲများအားအကဲဖြတ်ခြင်း**

၂၀။ ဦးစီးဌာနသည် ရေယာဉ်မှူးနှင့် အရာရှိများ၏ ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲများစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အကဲဖြတ်ခြင်း ဆောင်ရွက်နိုင်ရန် အကဲဖြတ်ဌာနနှင့် ယင်း၏ လုပ်ငန်း တာဝန်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းသတ်မှတ်ထား ရမည်။

<ပြင်ဆင် 11.11.2022>

**ပင်လယ်ပြင်လုပ်သက် တွက်ချက်ခြင်းဆိုင်ရာ နည်းလမ်းများ**

၂၁။ ဦးစီးဌာနသည် ရေယာဉ်မှူးနှင့် အရာရှိများ၏ ကျွမ်းကျင်မှုလက်မှတ်စာမေးပွဲများ ဖြေဆိုနိုင်ရန် လိုအပ်သည့် ပင်လယ်ပြင်လုပ်သက် တွက်ချက်ခြင်းဆိုင်ရာ နည်းလမ်းများကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားရမည်။

<ပြင်ဆင် 11.11.2022>

ရေယာဉ်မှူးနှင့် အရာရှိများ၏ ကျွမ်းကျင်မှုလက်မှတ် စာမေးပွဲ စစ်ဆေးခြင်းနှင့် စာမေးပွဲဖြေဆိုရန် လိုအပ်ချက်များ

၂၂။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များအတွက် လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်ခြင်း၊ စာမေးပွဲစစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းတို့ကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

<ပြင်ဆင် 11.11.2022>

**စာမေးပွဲသင်ရိုးညွှန်းတမ်းများ**

၂၃။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များအတွက် သင်ရိုးညွှန်းတမ်းများကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

<ပြင်ဆင် 11.11.2022>

စာမေးပွဲဝင်ကြေး၊ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှု လက်မှတ်များအတွက် အခကြေးငွေများ

၂၄။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များအတွက် နှုတ်ဖြေစာမေးပွဲများ ဖြေဆိုရန် စာမေးပွဲဝင်ကြေးများ၊ ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးခြင်း၊ ထပ်ဆင့်ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်းနှင့် တတ်ကျွမ်းမှုလက်မှတ်ထုတ်ပေးခြင်းတို့အတွက် အခကြေးငွေများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ရမည်။

<ပြင်ဆင် 11.11.2022>

ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်များ ရရှိရန်နှင့် သက်တမ်းတိုးရန်အတွက် လိုအပ်သော လက်မှတ်များ

၂၅။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှုလက်မှတ်များရရှိရန် သို့မဟုတ် ရရှိပြီးသော ကျွမ်းကျင်မှုလက်မှတ်နှင့် တတ်ကျွမ်းမှု လက်မှတ်များ သက်တမ်းတိုးရန် လိုအပ်သော လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ် ပြဋ္ဌာန်းချက်ပါ သက်ဆိုင်ရာ လက်မှတ်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားရမည်။

<ပြင်ဆင် 11.11.2022>

ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်၊ ထပ်ဆင့်ထောက်ခံချက်လက်မှတ်၊ ထောက်ခံချက်နှင့် အထောက်အထားပုံစံများ

၂၆။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများအား ထုတ်ပေးမည့် ကျွမ်းကျင်မှု လက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်၊ ထပ်ဆင့်ထောက်ခံချက် လက်မှတ်၊ ထောက်ခံချက်နှင့်အထောက် အထားပုံစံများကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြီးပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားရမည်။

<ပြင်ဆင် 11.11.2022>

## အခန်း (၅)

## ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှုလက်မှတ်နှင့် ထပ်ဆင့်ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း ဆိုင်ရာကိစ္စရပ်များ ရေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းဌာနများ၏ အရည်အသွေး စံသတ်မှတ်ချက်

၂၇။ ဦးစီးဌာနသည် သက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်၊ တတ်ကျွမ်းမှု လက်မှတ်နှင့် ထပ်ဆင့်ထောက်ခံ ချက်လက်မှတ်များ ထုတ်ပေးနိုင်ရန် သက်ဆိုင်ရာ သင်တန်းဌာနများသည် ဤနည်းဥပဒေပါ အခန်း (၂)၊ နည်းဥပဒေ ၄ အရ အရည်အသွေး စံသတ်မှတ်ချက်ပြည့်မီရမည်။

**ကျန်းမာရေးစံသတ်မှတ်ချက်**

၂၈။ ကျွမ်းကျင်မှုလက်မှတ် ထုတ်ယူရန်လျှောက်ထားသူသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ် ပုဒ်မ က-၁/၉ (STCW Code, Section A- I/ 9) အရ ကျန်းမာရေးစံသတ်မှတ်ချက်များနှင့် ကိုက်ညီ ရမည့်အပြင် အောက်ပါအထောက်အထားများကိုလည်း ဦးစီးဌာနသို့ တင်ပြရမည်-

(က) သက်ဆိုင်ရာ နိုင်ငံသားဖြစ်ကြောင်း အသိအမှတ်ပြုလက်မှတ်၊

(ခ) ဤနည်းဥပဒေများအရ သက်ဆိုင်ရာကျွမ်းကျင်မှု လက်မှတ်အတွက် သတ်မှတ်ထားသည့်အသက် ထက်မငယ်ကြောင်း အထောက်အထား၊

(ဂ) သတ်မှတ်ထားသည့် စံများနှင့်အညီ ကျန်းမာရေးကောင်းမွန်ကြောင်း၊ အထူးသဖြင့် မျက်စိနှင့်နား ကောင်းမွန်ကြောင်း အထောက်အထားနှင့် အရည်အချင်းပြည့် မှတ်ပုံတင် ဆရာဝန်ကကျန်းမာရေး ကောင်းမွန်ကြောင်း သတ်မှတ်ထားသည့်ပုံစံဖြင့် တရားဝင်ထုတ်ပေးထားသည့် ဆေးလက်မှတ်။

**ကျွမ်းကျင်မှုလက်မှတ်များထုတ်ပေးခြင်း**

၂၉။ ဦးစီးဌာနသည် ကျွမ်းကျင်မှုလက်မှတ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများအား လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ် ပုဒ်မ က-၁/၂ (STCW Code, Section A-I/2) ဖြင့် သတ်မှတ်ထားသည့် ပုံစံများပါ အချက်အလက်များကို အခြေပြု၍ အောက်ပါ သက်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်များကို စွမ်းဆောင်နိုင် မှုအဆင့်အတန်းနှင့် လိုအပ်ပါက ကန့်သတ်ချက်များ သတ်မှတ်ပြီး ထုတ်ပေးရမည်-

(က) **ကုန်းပတ်ဌာန**

(၁) ကုန်းပတ်အရာရှိအဆင့်(၁) ကျွမ်းကျင်မှုလက်မှတ်၊

(၂) ကုန်းပတ်အရာရှိအဆင့်(၂) ကျွမ်းကျင်မှုလက်မှတ်၊

(၃) ကုန်းပတ်အရာရှိအဆင့်(၃) ကျွမ်းကျင်မှုလက်မှတ်၊

(၄) ကုန်းပတ်အရာရှိအဆင့်(၄) ကျွမ်းကျင်မှုလက်မှတ်၊

(၅) ကုန်းပတ်အရာရှိအဆင့်(၅) ကျွမ်းကျင်မှုလက်မှတ်၊

(၆) ရေဒီယိုဆက်သွယ်ရေးအရာရှိကျွမ်းကျင်မှုလက်မှတ်။

(ခ) **ရေကြောင်းအင်ဂျင်နီယာဌာန**

(၁) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၁) ကျွမ်းကျင်မှုလက်မှတ်၊

(၂) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၂) ကျွမ်းကျင်မှုလက်မှတ်၊

(၃) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၃) ကျွမ်းကျင်မှုလက်မှတ်၊

(၄) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၄) ကျွမ်းကျင်မှုလက်မှတ်၊

(၅) ရေကြောင်းအင်ဂျင်နီယာအရာရှိအဆင့် (၅) ကျွမ်းကျင်မှုလက်မှတ်၊

(၆) လျှပ်စစ်နည်းပညာအရာရှိကျွမ်းကျင်မှုလက်မှတ်။

<ပြင်ဆင် 11.11.2022>

တတ်ကျွမ်းမှုလက်မှတ်နှင့် ထပ်ဆင့်ထောက်ခံချက်လက်မှတ်များထုတ်ပေးခြင်း

၃၀။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ တတ်ကျွမ်းမှုလက်မှတ်နှင့် ထပ်ဆင့်ထောက်ခံချက်လက်မှတ်များကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းစည်းမျဉ်း ၁/၂ (STCW Convention, Regulation I/2) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွမ်းဆောင်နိုင်မှု အဆင့်အတန်း သတ်မှတ်ပြီး ထုတ်ပေးရမည်။

<ပြင်ဆင် 11.11.2022>

**ဘေးအန္တရာယ်ရှိသောကုန်စည်များ တင်ဆောင်ရာတွင် ကျွမ်းကျင်မှုရှိကြောင်း ထပ်ဆင့် ထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း**

၃၁။ ဦးစီးဌာနသည် ဘေးအန္တရာယ်ရှိသော ကုန်စည်များ (Hazardous Car goes) တင်ဆောင်ရာတွင် ကျွမ်းကျင်မှုရှိကြောင်းထပ်ဆင့် ထောက်ခံချက်လက်မှတ် (Hazmat Endorsement) ကို သတ်မှတ်ချက် များနှင့်အညီ ထုတ်ပေးနိုင်သည်။

လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းအရ နိုင်ငံခြားရေကြောင်းအာဏာပိုင်က ထုတ်ပေးထားသည့် ကျွမ်းကျင်မှုလက်မှတ်များနှင့် ထပ်ဆင့်ထောက်ခံချက် လက်မှတ်များထုတ်ပေးခြင်း

<ပြင်ဆင် 11.11.2022>

၃၂။ ဦးစီးဌာနသည်-

(က) လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံကဖြစ်စေ၊ ယင်းနိုင်ငံက အခွင့်အာဏာ အပ်နှင်းထားသည့် လက်အောက်ခံ အာဏာပိုင်ကဖြစ်စေ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်အရ ထုတ်ပေးထားသည့် ကျွမ်းကျင်မှုလက်မှတ်ကို အသိအမှတ်ပြုနိုင်သည်။ ထိုသို့အသိအမှတ် ပြုရာတွင် အဆိုပါ အာဏာပိုင်က လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းအရ ၎င်းတို့၏ လေ့ကျင့် ခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးခြင်း အစီအစဉ်များတွင် ထူးခြားသည့် ပြောင်းလဲမှုတစ်စုံတစ်ရာ ရှိခဲ့လျှင် ထိုပြောင်းလဲချက်ကို ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည့်အပြင် အဆိုပါပြောင်းလဲမှု သည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်အားလုံးနှင့်လည်း ကိုက်ညီရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်တွင် အသိအမှတ်ပြုကြောင်း သက်သေခံ အထောက်အထားဖြစ်စေရန် ထပ်ဆင့် လက်မှတ်ရေးထိုးရမည်။လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းပါ လိုအပ်ချက်အားလုံးနှင့် ကိုက်ညီပြီးဖြစ်ပါက ဦးစီးဌာန၏ ညွှန်ကြားရေးမှူး ချုပ်က အတည်ပြုလက်မှတ်ရေးထိုးထားသော ထပ်ဆင့်ထောက်ခံချက် လက်မှတ်ကို လက်မှတ်ရေးထိုး ထုတ်ပေးရမည်။

ထပ်ဆင့်ထောက်ခံချက်လက်မှတ်ကို လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ် ပုဒ်မ က-၁/၂ (STCW Code, Section A-I /2) အရသတ်မှတ်ထားသည့်ပုံစံများကို အသုံးပြုရမည့်ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ ရုံးတံဆိပ်ကိုလည်း ရိုက်နှိပ်ပေး ရမည်။

<ပြင်ဆင် 11.11.2022>

**ကန့်သတ်ချက်များကို ဖယ်ရှားခြင်း**

၃၃။ အသုံးပြုရန်ကာလကန့်သတ်ချက်ဖြင့် ထုတ်ပေးထားသည့် ကျွမ်းကျင်မှုလက်မှတ် ကိုင်ဆောင်သူ အရာရှိများသည် ပင်လယ်ပြင် လုပ်သက်ကို တွက်ချက်နိုင်သည့် သင်္ဘောများပေါ်တွင် သတ်မှတ်ထား သည့် လုပ်သက် ၁၂ လ ပြည့်မြောက်သည့်အခါ ယင်းကန့်သတ်ချက်ကို ဖယ်ရှားနိုင်သည်။

**ထပ်ဆောင်းလိုအပ်သည့် အရည်အချင်းများ**

၃၄။ ရေယာဉ်မှူးနှင့် အရာရှိများ၏ ကျွမ်းကျင်မှုလက်မှတ် ရရှိရန် သို့မဟုတ် ရရှိပြီးသော ကျွမ်းကျင်မှု လက်မှတ်များ သက်တမ်းတိုးရန်အတွက် လျှောက်ထားသူသည် သက်ဆိုင်ရာ လက်မှတ်များ ရရှိပြီးကြောင်း သက်သေခံ အထောက်အထား တင်ပြရမည်။

**ကျွမ်းကျင်မှုလက်မှတ်များအား သက်တမ်းတိုးမြှင့်ပေးခြင်း**

၃၅။ (က) ရေယာဉ်မှူး၊ အရာရှိများနှင့် ဆက်သွယ်ရေးအရာရှိများသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏စည်းမျဉ်း ၅ / ၃ နှင့် အခန်း ၆ မှအပ အခြားအခန်းများပါ ပြဋ္ဌာန်းချက်များအရ ထုတ်ပေးထားသော သို့မဟုတ် အသိအမှတ်ပြုထားသော လက်မှတ်များကို သက်တမ်းတိုးမြှင့်နိုင်ရန် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၁/၁၁ ၏ အပိုဒ် ၁ နှင့် အပိုဒ် ၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီသူဖြစ်ရမည်။

(ခ) ရေယာဉ်မှူး၊ အရာရှိနှင့် ရေဒီယိုဆက်သွယ်ရေး အရာရှိများသည် အပြည်ပြည်ဆိုင်ရာ သဘောတူညီပြီး ဖြစ်သည့် အထူးလေ့ကျင့်သင်ကြားပေးရန် လိုအပ်သည့် သင်္ဘောအမျိုးအစားများ ပေါ်တွင် ဆက်လက်၍ တာဝန်ထမ်းဆောင်နိုင်ရန် သက်ဆိုင်သည့် လေ့ကျင့်သင်ကြားမှု သင်တန်းများကို တက်ရောက်အောင်မြင်ပြီး ဖြစ်ရမည်။

(ဂ) ဆီ၊ ဓာတ်ငွေ့ရည်နှင့် ဓာတုရည်တင်သင်္ဘောများတွင် တာဝန်ထမ်းဆောင်မည့် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၅/ ၁-၁ နှင့် ၅/၁-၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ပေးထားသော သို့မဟုတ် အသိအမှတ် ပြုထားသော လက်မှတ်များကို သက်တမ်းတိုးမြှင့်နိုင်ရန် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်း ဆိုင်ရာကွန်ဗင်းရှင်း၏ စည်းမျဉ်း ၁/၁၁ ၏ အပိုဒ် ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီသူဖြစ်ရမည်။

(ဃ) ဝင်ရိုးစွန်းဒေသရေပြင်များတွင် ခုတ်မောင်းသွားလာသော သင်္ဘောများတွင် တာဝန်ထမ်းဆောင်မည့်ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏စည်းမျဉ်း ၅/၄ ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ပေးထားသော သို့မဟုတ် အသိအမှတ်ပြုထားသောလက်မှတ်များကို

သက်တမ်းတိုးမြှင့်နိုင်ရန် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၏ စည်းမျဉ်း ၁/၁၁ ၏ အပိုဒ် ၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီသူဖြစ်ရမည်။

<ပြင်ဆင် 11.11.2022>

၃၆။ ဦးစီးဌာနသည်-

(က) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၉၈ ဖြင့်ထုတ်ပြန်ခဲ့သည့် ရေကြောင်းဘက်ဆိုင်ရာ အရာရှိများနှင့် ရေကြောင်းအင်ဂျင်နီယာဘက်ဆိုင်ရာ အရာရှိများ ကျွမ်းကျင်မှုစာမေးပွဲ ကျင်းပခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများအရ ထုတ်ပေးခဲ့သည့် လက်မှတ်များနှင့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်၏ အပိုင်း (က) (STCW, Code, Part A) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးသည့် ဤနည်းဥပဒေများအရ ထုတ်ပေးသည့် လက်မှတ်များကို ကျွမ်းကျင်မှု အဆင့်အတန်း နှိုင်းယှဉ်ခြင်းများ ဆောင်ရွက်၍ လက်ရှိအခြေအနေနှင့် ကိုက်ညီသော သင့်လျော်သည့် မွမ်းမံသင်တန်းများနှင့် အရည်အချင်းမြှင့် သင်တန်းများတက်ရောက်စေခြင်း သို့မဟုတ် အကဲဖြတ် စစ်ဆေးခြင်းများ ဆောင်ရွက်ရမည်။

(ခ) အထက်အပိုဒ်(က) ပါ မွမ်းမံသင်တန်းများနှင့် အရည်အချင်းမြှင့် သင်တန်းများဆိုင်ရာ ကိစ္စရပ် များအတွက် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ် ပုဒ်မ က-၁/၁၁ (STCW, Code, Section A-I/ 11) ပါ ပြဋ္ဌာန်းချက်များကို အခြေပြု၍ ဆောင်ရွက်သွားရမည်။

(ဂ) ရေယာဉ်မှူး၊ အရာရှိနှင့် ရေဒီယိုဆက်သွယ်ရေး အရာရှိများကို လက်ရှိအခြေအနေနှင့် ကိုက်ညီသော အသိပညာများ ရှိနေစေရန် ကိစ္စအလို့ငှာ ပင်လယ်ပြင် အသက်အန္တရာယ် ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ရေကြောင်းသဘာဝ ပတ်ဝန်းကျင်ကာကွယ် ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲမှုရှိသည့် အချိန်တိုင်းတွင် အဆိုပါ ပြောင်းလဲသွားသည့် စည်းမျဉ်း စည်းကမ်းများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအလံ လွှင့်ထူထားသည့် သင်္ဘောများတွင် ရှိနေစေရေးအတွက် တာဝန်ယူ ဆောင်ရွက်ထားရမည်။

<ပြင်ဆင် 11.11.2022>

၃၇။ **ပျက်စီးပျောက်ဆုံးသွားသော ကျွမ်းကျင်မှုလက်မှတ် အတွက် မူရင်းခွဲမိတ္တူထုတ်ပေးခြင်း**

(က) ကျွမ်းကျင်မှုလက်မှတ်ရရှိသူသည် မိမိလက်မှတ်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပွား သည့်အခါ ကျွမ်းကျင်မှုလက်မှတ်မူရင်းခွဲ မိတ္တူရရှိရန် သတ်မှတ်ထားသည့် လျှောက်လွှာတွင် အချက် အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး လိုအပ်သည့် အထောက်အထားများကို ပူးတွဲ၍ ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

(ခ) ကျွမ်းကျင်မှုလက်မှတ် မူရင်းခွဲ မိတ္တူရရှိရန် လျှောက်ထားသူသည် မိမိလက်မှတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း ဖြစ်ပွားရခြင်းမှာ သင်္ဘောနစ်မြုပ်ခြင်း၊ ပျက်စီးခြင်း၊ တိုက်မိခြင်း သို့မဟုတ် မီးလောင်ခြင်းကြောင့်ဖြစ်ကြောင်း၊ လုံလောက်သည့် အထောက်အထား တင်ပြနိုင်လျှင် ထိုသူအား ကျွမ်းကျင်မှုလက်မှတ် မူရင်းခွဲ မိတ္တူရရှိရန် လျှောက်ထားခြင်း အတွက် အခကြေးငွေ ပေးသွင်းစေခြင်း မပြုရ။

(ဂ) ဦးစီးဌာနသည် ကျွမ်းကျင်မှုလက်မှတ် မူရင်းခွဲ မိတ္တူထုတ်ပေးသည့်အခါ နည်းဥပဒေခွဲ (ခ) ပါ ကိစ္စမှ အပ သတ်မှတ်သည့် အခကြေးငွေကို လျှောက်ထားသူက ပေးသွင်းစေရမည်။

## အခန်း (၆)

## အထွေထွေ

၃၈။ သင်္ဘောကုမ္ပဏီသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ၎င်းတို့၏ သင်္ဘောပေါ် ၌ တာဝန်ထမ်းဆောင်သည့် သင်္ဘောသားများအတွက် တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ အခြေခံ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ ညွှန်ကြားစာများကို ရေယာဉ်မှူးအား ပေးအပ်ထားရမည့်အပြင် အောက်ပါ အတိုင်း ဆောင်ရွက်ရန် တာဝန်ရှိသည်-

(က) သင်္ဘောသားကို တာဝန်ပေးအပ်ရာ၌ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာကျွမ်းကျင်မှု လက်မှတ်တစ်ခုခု ရရှိထားပြီး ယင်းလက်မှတ်များနှင့်အညီ သက်ဆိုင်ရာတာဝန်ကို ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) သင်္ဘောကို ဘေးအန္တရာယ်ကင်းရှင်းစေရန် ကျွမ်းကျင်စွာမောင်းနှင်နိုင်မည့် သူများအား တာဝန်ပေး အပ်ရမည်။

(ဂ) သင်္ဘောတွင်ခန့်ထားသော သင်္ဘောသားအားလုံး၏ အတွေ့အကြုံ၊ သင်တန်း၊ ကျန်းမာရေး စံသတ် မှတ်ချက်များနှင့် ကိုက်ညီကြောင်း အထောက်အထား၊ ကျွမ်းကျင်မှုဆိုင်ရာ စာရွက်စာတမ်းများနှင့် အချက်အလက်များကို ထိန်းသိမ်းထားရှိပြီး အလွယ်တကူ ရယူကြည့်ရှုနိုင်စေရန် စီစဉ်ထားရှိရမည်။

(ဃ) သင်္ဘောတွင် တာဝန်ထမ်းဆောင်လျှက်ရှိသည့် သင်္ဘောသားများအားသီးခြားတာဝန်ပေးအပ်မှု နှင့်စပ်လျဉ်း၍ တာဝန် ပေးအပ်ခြင်း ခံရသူသည် မိမိအားပေး အပ်သည့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ရင်းနှီးရမည့်အပြင် သင်္ဘောတွင် ပုံမှန်တာဝန်နှင့် အရေးပေါ် တာဝန်များ ထမ်းဆောင်နိုင်စေ ရန် စီစဉ်ဆောင်ရွက်ချက်၊ ကိရိယာ တပ်ဆင်မှုနှင့် ပစ္စည်းကိရိယာများ၊ လုပ်ထုံးလုပ်နည်းများနှင့် သင်္ဘော၏ ထူးခြားသော လက္ခဏာများကိုလည်း သိရှိနားလည်စေရန် စီစဉ်ထားရှိရမည်။

(င) အရေးပေါ်အခြေအနေ ပေါ်ပေါက်သည့် အခါတွင်လည်းကောင်း၊ သင်္ဘောတွင်အရေးပါသည့် ဘေး အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို မဖြစ်ပေါ်စေရန် ကာကွယ်တား ဆီးရေးနှင့် လျော့နည်းစေရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လည်းကောင်း၊ သင်္ဘောတွင် တာဝန် ထမ်းဆောင်လျှက်ရှိသည့် သင်္ဘောသားများ အားလုံးပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရန် စီစဉ်ထားရမည်။

(စ) ရေယာဉ်မှူးသည် သင်္ဘောတွင် တာဝန်ထမ်းဆောင်သည့် သင်္ဘောသားတစ်ဦးစီ၏ တာဝန်ထမ်း ဆောင်မှုနှင့် စပ်လျဉ်း၍ သင်္ဘောကုမ္ပဏီကိုယ်စား ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဆ) သင်္ဘောကုမ္ပဏီသည် စာမေးပွဲဖြေဆိုရန်နှင့် အရည်အချင်းသတ်မှတ်ချက်များ အတွက် လုပ်သက် ထောက်ခံချက်ကို ပေးသည့်အခါ တိကျမှန်ကန်သော အချက်အလက်များကိုပေးရန် တာဝန်ရှိသည်။

<ပြင်ဆင် 11.11.2022>

၃၉။ ဝန်ကြီးဌာနသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၊ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်နှင့် ပြင်ဆင်ချက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးသွားနိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

<ပြင်ဆင် 11.11.2022>

၄၀။ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၊ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်နှင့် ယင်းတို့၏ ပြင်ဆင်ချက် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲမှုရှိခဲ့လျှင် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်း၊ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်နှင့်ယင်းတို့၏ ပြင် ဆင်ချက် ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ကျင့်သုံးရမည်။

<ပြင်ဆင် 11.11.2022>

၄၁။ ဦးစီးဌာနသည် ရေယာဉ်မှူး၊ အရာရှိများနှင့် သင်္ဘောသားများ၏ ကျွမ်းကျင်မှုနှင့် တတ်ကျွမ်းမှုလက်မှတ်များအတွက် လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်ခြင်း၊ စာမေးပွဲစစ်ဆေးခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းများနှင့်စပ်လျဉ်း၍ လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့် လေ့ကျင့်ခြင်းနှင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာကုဒ်တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေကြောင်းဘက်ဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်သတ်မှတ်နိုင်သည်။

<ပြင်ဆင် 11.11.2022>

၄၂။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်စွဲပါ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၉၈ ဖြင့် ထုတ်ပြန်ခဲ့သည့် ရေကြောင်းဘက်ဆိုင်ရာ အရာရှိများနှင့် ရေကြောင်းအင်ဂျင်နီယာဘက်ဆိုင်ရာ အရာရှိများ ကျွမ်းကျင်မှုစာမေးပွဲ ကျင်းပခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ ကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်။

<ပြင်ဆင် 11.11.2022>

၄၃။ ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည့် ရေကြောင်းဘက်ဆိုင်ရာ အရာရှိများနှင့် ရေကြောင်း အင်ဂျင်နီယာဘက်ဆိုင်ရာ အရာရှိများ ကျွမ်းကျင်မှု စာမေးပွဲကျင်းပခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများအရ ထုတ်ပေးခဲ့သော လက်မှတ်များနှင့် စပ်လျဉ်း၍-

(က) အဆိုပါ လက်မှတ်များ၏ သက်တမ်းသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့နှင့် နောက်ပိုင်း ကုန်ဆုံးမည် ဖြစ်ပါက လက်မှတ် သက်တမ်းတိုးခြင်းကို ဤနည်းဥပဒေများအရ ဆက်လက် ဆောင်ရွက် ရမည်။

(ခ) အဆိုပါ လက်မှတ်များ၏ သက်တမ်းကုန်ဆုံးမည့် နေ့ရက်သည် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နေ့ထက် ကျော်လွန်စေကာမူ ထို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိသာ သက်တမ်းရှိမည်ဖြစ်ပြီး နည်းဥပဒေခွဲ (က) နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) ကျွမ်းကျင်မှုနှင့် လေ့ကျင့်ရေး စံသတ်မှတ်ချက်များသည် ခွင့်ပြုထားသည့် လက်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် ဤနည်းဥပဒေများအရ ဆက်လက် ဆောင်ရွက်ရမည်။

(ပုံ) ဉာဏ်ထွန်းအောင်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန